EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၈၅

ဩဂုတ် ၂၀ ရက်၊ ၂၀၁၉

## တိုင်းနှင့်ပြည်နယ်လွှတ်တော်များတွင် ပထမဆုံးရေးဆွဲပြဋ္ဌာန်းမည့် ပဲခူးတိုင်းဒေသကြီး အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးဥပဒေ ပြည်သူများထံချပြ

ဩဂုတ် ၁၂၊ ၂၀၁၉

ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးတူပူးပေါင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းဥပဒေ (မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များမှဦးဆောင်၍ အဖွဲ့နှစ်ဖွဲ့ခွဲကာ ပြည်သူများထံချပြခြင်းနှင့် အကြံပြုချက်ရယူခြင်း အခမ်းအနားများအား သက်ဆိုင်ရာမြို့နယ် ၂၈ မြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှဦးဆောင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဥပဒေမူကြမ်းအား ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် စတင်ရေးဆွဲခဲ့ပြီး ပြည်သူများကို ရှင်းလင်းအကြံပြုချက်ရယူခြင်းအား ဩဂုတ် ၁၂ ရက်မှ ၂၉ ရက်အထိ အဖွဲ့ ၂ ဖွဲ့ဖြင့် မြို့နယ်များအား လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးမှာ အာဏာတည်မယ့် ဥပဒေတစ်ရပ်ပေါ်ထွန်းဖို့နဲ့ ဥပဒေပြုလုပ်ငန်းစဉ်မှာ ပြည်သူတွေပူးပေါင်းပါဝင်ဖို့ အတွက်မြို့နယ်တွေမှာ အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဥပဒေမူကြမ်းကို မြို့နယ်အလိုက်ဒေသခံတွေရဲ့ အကြံဉာဏ်ယူဆွေးနွေးပွဲတွေ လုပ်နေပါတယ်။ မြေပြင်မှာဥပဒေနဲ့ အကျုံးဝင်ပတ်သက်နေသူတွေရဲ့ အကြံကောင်းဉာဏ်ကောင်းပေးနိုင်အောင် ရည်ရွယ်တာပါ။ ပြီးသွားရင် အချက်အလက်တွေရယူပြီး တိုင်းဒေသကြီးလွှတ်တော် ၁၃ ကြိမ်မြောက်မှာ အတည်ပြုနိုင်အောင် ဆောင်ရွက်သွားမှာပါ။" ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမျိုးခိုင်က ပြောသည်။



ပြည်ပနိုင်ငံများမှ လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်တွင်းရှိ လယ်ယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသည်ဖြစ်စေ တောင်သူလယ်သမားများနှင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လိုသည်ဖြစ်စေ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းမရှိသဖြင့် အကျိုးတူပူးပေါင်းကာ လယ်ယာစိုက်ပျိုးရေးဥပဒေအား အကောင်အထည်ဖော်ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

"ယခုနယ်တွေမှာ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ လယ်သမားတွေဟာ နားလည်မှုနဲ့ဆောင်ရွက်နေကြပါတယ်။ ပဲပေး၊ စပါးပေးဆိုပြီး စာချုပ်စာတမ်းနဲ့ ကြိုရောင်း ကြိုဝယ်စနစ်နဲ့ လုပ်နေတဲ့နေရာမှာ ပြဿနာဖြစ်လာရင် ဥပဒေခိုင်မာမှုမရှိသဖြင့် တောင်သူလယ်သမားများအတွက် တစ်ပန်းရှုံးနေတယ်။ ဒါကြောင့် မိုကန်ထရိုက် လယ်ယာစနစ်ဥပဒေက မဖြစ်မနေလိုအပ်ပါတယ်။ ဒီဥပဒေ (မူကြမ်း) ရေးဆွဲရာမှာ သက်ဆိုင်ရာဌာနကလည်းရေးဆွဲသလို အရပ်ဖက်အဖွဲ့အစည်းများနဲ့လည်း တိုင်ပင်ဆွေးနွေးထားပါ။ တိုင်းနှင့်ပြည်နယ်မှာတော့ အကျိုးတူပူးပေါင်း လယ်ယာစိုက်ပျိုးရေးစနစ်ဥပဒေဟာ ပဲခူးတိုင်းဒေသကြီးက ပထမဦးဆုံးရေးဆွဲတာပါ"ဟု ပဲခူးတိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ပြောသည်။

အဆိုပါဥပဒေမူကြမ်းအား ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်ရှိ ပြည်သူများအား လိုက်လံချပြရှင်းလင်း အကြံဉာဏ်ရယူရာတွင် ပဲခူးတိုင်းဒေသကြီး၊ အရှေ့ခြမ်းအဖွဲ့နှင့် အနောက်ခြမ်းအဖွဲ့ဟူ၍ အဖွဲ့ ၂ ဖွဲ့ခွဲကာ လွှတ်တော်ကိုယ်စားလှယ်များက ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်အတွင်း မိုးစပါးစိုက်ဧက ၂၇ သိန်းကျော်နှင့် နွေစပါး စိုက်ဧက ၂ သိန်းခွဲ ကျော်လျာထား စိုက်ပျိုးလျက်ရှိပြီး ပဲခူးခရိုင်၌ မိုးစပါးစိုက်ဧက ၁၁ သိန်း၊ ၇ သောင်းကျော်၊ ပြည်ခရိုင်၌ ၃ သိန်း၊ ၈ သောင်းကျော်၊ တောင်ငူခရိုင်၌ ၅ သိန်း ၂ သောင်းကျော်၊ သာယာဝတီခရိုင်၌ ၆ သိန်း၊ ၇ သောင်းကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(ကိုးကား-မြစ်မခ)**

# YP စက်သုံးဆီဆိုင်အတွက် မြေတစ်စတုရန်းပေ ကျပ် ၂၀၀၀ ဖြင့် တိုင်းအစိုးရ မြေငှားဂရန်ထုတ်ပေး

**ဩဂုတ် ၁၅၊ ၂၀၁၉**

Yangon Petrol (YP) စက်သုံးဆီဆိုင် ဖွင့်လှစ်ရန်အတွက် မြေတစ်စတုရန်းပေလျှင် ကျပ်နှစ်ထောင်မှ ကျပ်လေးထောင်အထိ နယ်မြေဒေသကွဲပြားမှုအလိုက် ဈေးသတ်မှတ်ကာ မြေငှားဂရန်ထုတ်ပေးခဲ့ကြောင်း မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက The Voice Journal သို့ ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင်လတွင် ကျင်းပသည့် ရန်ကုန်တိုင်းလွှတ်တော်အစည်းအဝေးတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက YP စက်သုံးဆီဆိုင်အတွက် မြေနေရာငှားရမ်းခနှုန်း၊ စည်ကမ်းသတ်မှတ်ချက်များနှင့် စက်သုံးဆီဈေး တည်ငြိမ်မှန်ကန်စေရန် တိုင်းအစိုးရအဖွဲ့ ထိန်းကျောင်းမည့် အစီအစဉ်များကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့သည်။

ထိုမေးခွန်းသည် လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခွင့်မရှိဘဲ လွှတ်တော်အစည်းအဝေးရပ်နားချိန်တွင် ရန်ကုန်တိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက စာဖြင့်ပြန်လည်ဖြေကြားခဲ့ကြောင်း ဦးရန်ရှင်းက ဆိုသည်။

တိုင်းအစိုးရ ကြီးကြပ်ကွပ်ကဲမှုဖြင့် Yangon Petrol ကုမ္ပဏီတည်ထောင်၍ ကုမ္ပဏီအား စက်သုံးဆီအရောင်းဆိုင် တည်ဆောက်ဖွင့်လှစ်သင့်သည့် မြေနေရာရှာဖွေတင်ပြစေခဲ့ကြောင်း ဝန်ကြီးဦးဟံထွန်းစာဖြင့် ဖြေကြားချက်အရသိရသည်။

"တစ်စတုရန်းပေကို နှစ်ထောင်ကနေ လေးထောင်အထိနဲ့ပါ"ဟု ဦးရန်ရှင်းကဆိုသည်။

ထို့ပြင် တိုင်းအစိုးရသည် YP စက်သုံးဆီဆိုင်မှရရှိသည့် အမြတ်၏ ၂၀ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲမည်ဖြစ်ပြီး လူမှုအထောက်အကူပြုလုပ်ငန်းများ (CSR) အတွက်လျာထားကြောင်း ဝန်ကြီးဦးဟံထွန်းစာဖြင့်ဖြေကြားချက်များကိုကိုးကား၍ တိုင်းဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီအတွင်းရေးမှူး ဦးကျော်ဇေယျကဆိုသည်။

YP စက်သုံးဆီဆိုင်လုပ်ငန်း အမြတ်အစွန်းရရှိမှု ခန့်မှန်းနှုန်းထား (Marginal) အလွန်နည်းပါးသည့် အခြေအနေမျိုးဖြစ်ပေါ်လာပါက တိုင်းအစိုးရက CSR အတွက် လျာထားသည့်အမြတ်ငွေ ၂၀ ရာခိုင်နှုန်းမှ ကျခံဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"အသားတင်အမြတ်ရဲ့ ၂၀ ရာခိုင်နှုန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပေးရမှာ။ ရှုံးခဲ့လို့ဆိုရင်လည်းပဲ ရန်ကုန်တိုင်းဒေသကြီးရဲ့လုပ်ငန်းတွေ ပြန်လည်ပြီးတော့ ဖြည့်ပေးရမယ့်သဘောရှိတယ်"ဟု ဦးကျော်ဇေယျက ဆိုသည်။

မေလ ၅ ရက်နေ့အထိ Yangon Petrol ကုမ္ပဏီသို့ တိုင်းအစိုးရအဖွဲ့ စီမံခန့်ခွဲခွင့်ရှိသော မြေရှစ်နေရာ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် မြေလေးနေရာတွင် YP စက်သုံးဆီဆိုင် ၁၂ ဆိုင်အတွက် မြေနေရာငှားပေးခဲ့ကြောင်း ဝန်ကြီးဦးဟံထွန်းစာဖြင့် ဖြေကြားချက်အရ သိရှိရသည်။ **(ကိုးကား:-The Voice Journal)**

# ကသာမြို့နယ်တွင် ရွှေလီမြေသားတာပေါင်ဖောက်သောကြောင့် နစ်နာသူများကို လျော်ကြေးပေးမည်

**ဩဂုတ် ၁၇၊ ၂၀၁၉**

ကသာမြို့နယ်အတွင်း ရွှေလီမြေသားတာပေါင်ဖောက်လုပ်သောကြောင့် နစ်နာသည့်တောင်သူများကို မြေလျော်ကြေးနှင့် သီးနှံလျော်ကြေးပေးမည်ဖြစ်ကြောင်း ကသာမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ပြောသည်။

ကသာမြို့နယ် ဝက်တူးကျေးရွာနှင့် ကျွန်းကုန်းကျေးရွာအကြား ရွှေလီမြေသားတာပေါင်ကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ ဆည်မြောင်းဦးစီးဌာနကဖောက်လုပ်ပြီး တောင်သူကိုးဦး၏ လယ်ယာမြေ ၇ ဒသမ ၅၄ ဧက နစ်နာဆုံးရှုံးသဖြင့် မြေလျော်ကြေးနှင့် သီးနှံလျော်ကြေး ပေးအပ်ပွဲ အခမ်း အနားကို ဩဂုတ် ၁၇ ရက် (ယနေ့)တွင် ကသာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကျင်းပမည်ဖြစ်သည်။

"တောင်သူကိုးဦးရဲ့ လယ်မြေပေါ်မှာ ဖောက်လိုက်တာ။ ပုံစံ (၇) ရှိပြီးသား လယ်မြေတွေပေါ့။ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနဲ့အညီ နိုင်ငံတော်က ထောက်ပံ့ကြေးပေးဖို့အတွက် ၂၀၁၇ တုန်းက တိုင်းဒေသကြီးလွှတ်တော်မှာ တင်ပြတောင်းဆိုခဲ့တာ အခု ၂ နှစ်ကြာတဲ့အချိန်မှ လျော်ကြေးထောက်ပံ့ငွေပေးအပ်ဖို့ အဆင်ပြေလာတာပါ"ဟု ဦးညီညီထွန်း က ပြောသည်။

ရွှေလီမြေသားတာပေါင်ကို ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ကျပ်သိန်းတစ်ထောင့်ငါးရာဖြင့် တောင်သူကိုးဦး၏ လယ်ယာမြေအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့ရာ နစ်နာသောတောင်သူများကို မြေယာလျော်ကြေးနှင့် သီးနှံလျော်ကြေး ကျပ်သိန်းလေးရာ့တစ်ဆယ်ကျော် ပေးအပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ရွှေလီမြေသား တာပေါင်ဖောက်လုပ်သဖြင့် တောင်သူများ၏ မြေကွက်များပျက်စီး၍ စပါး၊ ပဲ၊ သီးနှံများ စိုက်ပျိုးမရသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအကျပ်အတည်းများ ကြုံတွေ့ပြီး မြေယာနစ်နာကြေး၊ သီးနှံနစ်နာကြေးများ ထောက်ပံ့ရန် ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးသို့ အကြိမ်ကြိမ် အသနားခံတင်ပြခဲ့ကြောင်း ဦးညီညီထွန်းက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ ၂၀၁၇ ဇူလိုင် ၂၆ ရက်တွင် တင်ပြခဲ့သည်။

**(ကိုးကား - http://www.7daydaily.com)**

# ဗိုလ်မှူးကြီးမင်းသန်းကို ရခိုင်ပြည်နယ်လုံ/နယ် ဝန်ကြီးအဖြစ် ပြည်နယ်လွှတ်တော်မှအတည်ပြု



## ဩဂုတ် ၁၇၊ ၂၀၁၉

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနေရာတွင် ဗိုလ်မှူးကြီးမင်းသန်းအား တာဝန်ပေးအပ်ကြောင်း ပြည်နယ်လွှတ်တော်မှ ယနေ့အတည်ပြုခဲ့သည်။

ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်နေရာတွင် ဗိုလ်မှူးကြီးမင်းသန်းအား ပြောင်းလဲခန့်အပ်ရန် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဩဂုတ်လ ၁၄ ရက်နေ့ လွှတ်တော်တွင်တင်သွင်းခဲ့ပြီး ကန့်ကွက်သူမရှိသဖြင့် ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ကြေငြာခဲ့သည်။

ယခုတာဝန်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအသစ် ဗိုလ်မှူးကြီးမင်းသန်းက ပြောသည်။

"ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်နဲ့ဆိုင်တဲ့ ဥပဒေတွေရှိပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၈၁ ကနေ ၃၉၀ ထိတို့ အားလုံးလိုက်နာဆောင်ရွက်ရမယ့်အချက်တွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေအားလုံးကလည်း လိုက်နာဆောင်ရွက်ပြီးတော့ အေးချမ်းသာယာတဲ့ အခြေအနေရောက်အောင် ကြိုးစားလုပ်သွားမယ်"ဟု ဗိုလ်မှူးကြီးမင်းသန်းကဆိုသည်။

ဗိုလ်မှူးကြီးမင်းသန်းအနေဖြင့် ရခိုင်ပြည်နယ်ကိစ္စရပ်များကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

"ကျွန်တော်တို့ မျှော်လင့်ချက်တစ်ခုထားတာကတော့ ရခိုင်ပြည်နယ်မှာ ပြဿနာတွေရှိတယ်။ ပြည်တွင်းပြဿနာတွေ၊ နောက်ဘင်္ဂါလီပြဿနာတွေရှိတယ်။ အဲ့ဒီပြဿနာတွေ လုပ်ကိုင်ဆောင်ရွက်တဲ့အခါ နယ်/လုံဝန်ကြီးအသစ်အနေနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေဟာ ပိုပြီးအဆင်ပြေချောမောလာမယ်လို့ မျှော်လင့်ထားတယ်"ဟု မြေပုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းက ပြောသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော် (AA)တို့ တိုက်ပွဲဖြစ်ပွားနေသည်မှာ ၈ လကျော် ကြာမြင့်လာခဲ့ပြီး တိုက်ပွဲကြောင့် စစ်ဘေးဒုက္ခသည် ၆ သောင်းခန့်အထိရှိလာသည်။ တိုက်ပွဲကာလအတွင်းတွင် အရပ်သားပြည်သူများ ထိခိုက်သေဆုံးမှု၊ ဒဏ်ရာရရှိမှုနှင့် ဖမ်းဆီးခံရမှုများလည်း ရှိသည်။

**(ကိုးကား:- Development Media Group)**